# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

## ၂၁ ရက်မြောက်နေ့ အစီအစဉ်

## [ ၅-၃-၂၀၁၄ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်များ ထပ်မံ ထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့ မဲဆန္ဒနယ်၏ **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ်အစိုးရမှ ခွင့်ပြုပေးခဲ့သော ကျပ်သန်း ၂၀၀၀ မှာ ဘတ်ဂျက်ဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိနှင့် သံလွင်တံတား (ဖာဆောင်း)သည် မူလခန့်မှန်းခြေတန်ဖိုး ကျပ်သန်း ၃၀၀၀ သာရှိ၍ ပြီးဆုံးချိန်၌ စုစုပေါင်းခန့်မှန်းကုန်ကျငွေ မည်မျှရှိ၍ မည်သည့်အချိန်တွင် ပြီးဆုံးမည်ကို သိလိုသည်** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့တွင် အာဆီယံ/အာရှ လမ်းမကြီးကို နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ တင်ပြချက်အပေါ် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်မြောက်ပိုင်း၊ မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းအပိုင်းရှိ တံတားအမှတ် (၂/၇၁) နိုလောင်းတံတား၏ တည်ဆောက်ရေးစီမံကိန်းကာလ မည်မျှဖြစ်သည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးအောင်စိုး၊ လောင်းလုံး မဲဆန္ဒနယ်၏ **ရေဖြူမြို့နယ်၊ ကံပေါက်ဒေသတွင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၅၀၀ မဂ္ဂါဝပ်အား မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်နှင့် မော်လမြိုင်-ထားဝယ် လျှပ်စစ်ဓာတ်အားလိုင်းစီမံကိန်းအား ၂၀၁၄-၂၀၁၅ ဘတ်ဂျက်နှစ်တွင် ပါဝင်နိုင်ခြင်း ရှိ/မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးအင်ဖုန်ဆန်း၊ မချမ်းဘောမဲဆန္ဒနယ် (ကိုယ်စား) ဦးယိန်းဘောမ်၊ ဝိုင်းမော် မဲဆန္ဒနယ်၏ **မချမ်းဘောမြို့နယ်ရှိ ထာခချောင်း ရေအားလျှပ်စစ်စီမံကိန်းအား မည်သည့်အတိုင်းအတာထိ ဆောင်ရွက်နေသည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဒေါ်ခင်မွေးလွင်၊ မင်းကင်း မဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့နယ်၊ ထမံသီ ရေအားလျှပ်စစ်စီမံကိန်းကို မည်သည့်ခုနှစ်တွင် စတင်ခဲ့ပြီး မည်သည့်အတွက်ကြောင့် ရပ်ဆိုင်းနေသည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ **အလုံမြို့နယ်ရှိ လမ်းများတွင် အန္တရာယ်ရှိသော ဆွေးမြေ့နေသည့် ဓာတ်တိုင်များ၊ အသစ်ဖြည့်ရန် လိုအပ်လျက်ရှိသော ဓာတ်တိုင်များနှင့် နှစ် (၃၀)ကျော်နေသော လျှပ်စစ်ကြိုးများကို ပြုပြင် တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက တင်သွင်းသည့် **“ မြေမြှုပ်ကျောက်မျက် ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် မြေမြှုပ်ကျောက်မျက်ပါးလည်ပါသည့်ကြီးကြပ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး ၂၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၂ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။